## အောင်မြင်မှုများ

မြန်မာနိုင်ငံသည် ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် တိုးတက်မှုကောင်းများရှိထားပြီးဖြစ်သည်။ အစိုးရ၏ လျာထားချက်ဖြစ်သော ၂၀၁၀ တွင် ၂၆ ရာနှုန်းမှ ၂၀၁၅ တွင် ၁၆ ရာနှုန်းအထိ လျှော့ချရန်မှာ အောင်မြင်နိုင်ခြေ ရှိကြောင်းကို ပြီးခဲ့သော နှစ်များမှ ဆောင်ရွက်ချက်များ၊ စီးပွားရေး လျင်မြန်စွာ ပြောင်းလဲလာမှု၊ နှင့် ဖွံ့ဖြိုးရေး မိတ်ဘက် အဖွဲ့အစည်းများမှ အထောက်အပံ့များအရ သိရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပြန့်ပွားမှုကိုလည်း ကောင်းစွာ ထိန်းချုပ်နိုင်ခဲ့သည့် အပြင် လူထုအတွင်း (အသက် ၁၅ မှ ၄၉ နှစ်အထိ) ဖြစ်ပွားမှုနှုန်းမှာလည်း ၁ ရာနှုန်းအောက်သာရှိသည်။ အလားတူပင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလည်း ၂၀၀၇ ခုနှစ်မှ စပြီး ၅၀ ရာနှုန်းအထိ လျှော့ချ နိုင်ခဲ့ပါသည်။ တီဘီရောဂါ ဖြစ်ပွားမှုနှုန်းမှာလည်း ၁၉၉၅ ခုနှစ်မှ စပြီး တဖြည်းဖြည်း လျော့ကျလာခဲ့ရာ ၁၉၉၀ ခုနှစ်မှ ဖြစ်ပွားနှုန်းကို ထက်ဝက်လျှော့ချရန် လျာထားချက်မှာလည်း ၂၀၁၀ တွင် ပြည့်မီခဲ့ပြီးဖြစ်သည်။ ၂၀၁၅ အကုန်တွင် တီဘီရောဂါနှင့်ပတ်သက်သည့် ထောင်စုနှစ်ရည်မှန်းချက်မှာ ပြည့်မီနိုင်လိမ့်မည်ဖြစ်ပါသည်။